“ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး”

# တာ့လီအော်ဟိုင်အင်အိုင်ပတ်လည်ဝိုင်းပြီးအညစ်အကြေးများတားဆီးမှုစီမံကိန်း ပထမဆုံးသောရေအောက်အနယ်ထိုင် ရေညစ်များပြန်လည်သန့်စင်ပေးသောစက်ရုံစမ်းသပ်ဖွင့်လှစ်ခြင်း

လတ်တလောရက်ပိုင်းတွင် တာ့လီမြို့အော်ဟိုင်အင်းအိုင်ပတ်လည်ဝိုင်းပြီး ပထမဆုံးသော အညစ်အကြေးများတားဆီးမှုစီမံကိန်းရေညစ်များပြန်လည်သန့်စင်ပေးသောစက်ရုံ-စွမ်လန်ရေများပြန်လည်သန့်စင်ပေးသောစက်ရုံသည် ရေသန့်စင်စနစ်ချိန်ဆခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ရေညစ်များကို လက်ခံသန့်စင်ပေးသော အခြေအနေအပိုင်းကဏ္ဍသို့ရောက်ရှိသွားသည်။ လက်တွေ့အကောင်အထည်ဖော်ဆောင်အသုံးပြုနိုင်ပြီး နောက်တွင် စွမ်လန်၏ ရေညစ်သန့်စင်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ပြီး အကောင်အထည်ဖော် ဆောင်နိုင်ခဲ့သည်။ လူသုံးရေညစ်များကိုသန့်စင်ပေးခြင်းနှင့် အညစ်အကြေးလွှင့်ပစ်မှုမရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

မိတ်ဆက်ပေးခြင်းအရ သိရသည်မှာ အဆိုပါရေများပြန်လည်သန့်စင်ပေးသည့်စနစ်သည် စက်ရုံကိုရေအောက်အနယ်ထိုင်ထားသော ခေတ်မီစနစ်ဒီဇိုင်းနှင့် “CAST+အားကောင်းသောအနည်ထိုင်ကန်-ရေများ ပြန်လည်သန့်စင်ပေးသောနည်းပညာနှင့် ရှုပ်ထွေးသောဇီဝဗေဒအန့်အသက် ကင်းစင်မှုစနစ်စသည့် ခေတ်မီသော ပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများကို အသုံးပြုထားသည်။ ရေညစ်သန့်စင်မှုနှုန်းထားများသည် လတ်တလောတွင် တစ်နေ့လျှင် ရေပမာဏကုဗမီတာ(၅၀၀၀)ကို သန့်စင်ပေးနိုင်သည်။ နောက်ပိုင်းတွင်တစ်နေ့လျှင် ရေပမာဏကုဗမီတာ(၁၀၀၀၀)အထိ သန့်စင်ပေးနိုင်မည်ဖြစ်ပါသည်။ စီမံကိန်းဝန်ဆောင်မှုသည် စွမ်လန်ခရိုင်တစ်ခုလုံးကို လွှမ်းခြုံထားပါသည်။ ဝန်ဆောင်မှုပေးနိုင်သောမျက်နှာပြင်ဧရိယာသည်(၃. ၀၃)စတုရန်းကီလိုမီတာအထိရှိပြီး လူဦးရေ(၄၇၂၀၀)ကို ဝန်ဆောင်မှုပေးနိုင်သည်။ အဆိုပါစီမံကိန်းသည် ၂၀၁၅ခုနှစ်ဇွန်လတွင် လုပ်ငန်းစတင်ခဲ့ပြီး စီမံကိန်းကြာချိန်(၃)နှစ်ဖြစ်သည်။ ယခုလက်ရှိတွင် နှစ်ဝက်ကြိုပြီး ပြီးစီးအောင်လုပ်ဆောင်နိုင်ပြီး လုပ်တွေ့အသုံးပြုနေပြီဖြစ်သည်။ ၎င်းသည်လည်းတာ့လီမြို့ အော်ဟိုင်ရေညစ်များပြန်လည်သန့်စင်ပေးသော စက်ရုံ(၆)ခုအနက် ပထမဆုံးဆောက်လုပ်ပြီးစီးသောလက်တွေ့အသုံးပြုနိုင်သော စက်ရုံတစ်ခုဖြစ်သည်။



စုံစမ်းမေးမြန်းခြင်းများအရ သိရသည်မှာ- စွမ်လန်ရေညစ်များ ပြန်လည်သန့်စင်ပေးသော စက်ရုံအပြင်ယခုလက်ရှိတည်ဆောက်နေသော မြို့ဟောင်း၊ ဝါဆယ်၊ စမ့်ကွမ်၊ ရှီကျုံနှင့်ဝမ်းချောင် ရေအောက်အနည်ထိုင်ရေညစ်များပြန်လည်သန့်စင်ပေးသောစက်ရုံ(၅)ခုသည်လည်း ယခုနှစ်ထဲတွင် လက်တွေ့အသုံးပြုသွားမည်ဖြစ်သည်။

ရန်ကျိန်၊ လေထုံစူ

# ယူနန်နှင့်အမေရိကန်မှ ဂီတပညာရှင်များသည် တရုတ်နိုင်ငံ - အနောက်ပိုင်းနိုင်ငံဂီတများရောနှောပြန့်ပွားခြင်းအတွက် ဆွေးနွေးခြင်း

အနောက်ပိုင်းနိုင်ငံရိုးရာဂီတများနှင့် တရုတ်နိုင်ငံရိုးရာဂီတယဉ်ကျေးမှုများကို မည်ကဲ့သို့ရောနှောရမည်နည်း။ အနာဂတ်တေးဂီတမူပိုင်ခွင့်နှင့် ‘ဒီဂျစ်တယ်ဂီတများသည် မည်ကဲ့သို့သောစိန်ခေါ်မှုနှင့်အခွင့်အလမ်းများကို ရင်ဆိုင်နေရမည်နည်း။ လတ်တလောရက်ပိုင်းအချိန်တွင် (၁၀)ကြိမ်မြောက် “China Gold Record”စီးရီးလုပ်ဆောင်မှုများအနက် “ဂီတ၏အနာဂတ်” အပြည်ပြည်ဆိုင်ရာဂီတလုပ်ငန်းတိုးတက်ဖွံ့ဖြိုးမှု ထိပ်သီးအစည်းအဝေးကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။

ယူနန်နှင့် နိုင်ငံခြားပညာရှင်များသည် တရုတ်ဂီတလုပ်ငန်း၏ တိုးတက်ဖွံ့ဖြိုးမှုအခြေအနေနှင့် သုတေသနပြုစုခြင်း၊ နိုင်ငံအသီးသီးမှ ဂီတပညာရှင်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်သူများ၊ ဂီတထုတ်လုပ်သူများ၏ အသိပညာနှင့်တေးဂီတဒေတာအချက်အလက်များdownloadဆွဲခြင်း၏ တိုးတက်မှုအလားအလာများ၊ အနောက်တိုင်းရိုးရာတေးဂီတနှင့် တရုတ်နိုင်ငံရိုးရာတေးဂီတ ယဉ်ကျေးမှုများ၏ ရောနှောခြင်းနှင့်ပြန့်ပွားခြင်း၊ အနာဂတ်တေးဂီတမူပိုင်ခွင့်များနှင့် ဒီဂျစ်တယ်တေးဂီတများအကြား ကြုံတွေ့ရမည့်စိန်ခေါ်မှုနှင့်အခွင့်အလမ်းများ စသည့်ခေါင်းစဉ်များဖြင့် လေးနက်သောနှီးနှောဖလှယ်ခြင်းများ ပြုလုပ်ခဲ့သည်။

ရိုးရာတေးဂီတသည် မတူသောဒေသ၊ မတူသောလူမျိုးနွယ်စု၊ မတူသောတိုင်းရင်းသားများအကြား နှစ်ထောင်ပေါင်းများစွာဖြတ်သန်းကာ လူများအမွေအနှစ်ဆက်ခံခဲ့သော စစ်မှန်သည့်တေးဂီတဖြစ်ပါသည်။ ယခုခေတ်တွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဟူ၍ ခေါ်ဝေါ်ခြင်းခံရပါသည်။ ရိုးရာတေးဂီတသည် မျိုးနွယ်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ ခေတ်ဆိုင်ရာယဉ်ကျေးမှု(၃)ခု၏ ထူးခြားချက်များကို သိသာထင်ရှားစွာ ဖော်ပြနိုင်သည်။ သို့ဖြစ်သောကြောင့် ယူနန်သည်ရိုးရာတေးဂီတပြည်နယ်ကြီးတစ်ခုဖြစ်သည်ဟု ယူ နန်တိုင်းရင်းသားအနုပညာသုတေသနဌာနမှ သုတေသနပညာရှင် ဝူရှယ်ယွမ်က ဖော်ပြခဲ့သည်။

“နိုင်ငံအသီးသီးမှဂီတပညာရှင်များနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်သူများ” ဟူသည့်ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားချိန်တွင် အမေရိကန်နိုင်ငံ ကျိုးလီရတေးဂီတကောလိပ် ကြိုတင်လေ့လာသင်ကြားရေးဌာနမှ ကျောင်းအုပ်၊ စန္ဒယားဌာနမှ ဌာနမှူး Yoheved Kaplinskyက ပြောကြားသည်မှာ ယခုနှစ်ပိုင်းတွင်တရုတ်ကျောင်းသားများ အမေရိကန်နိုင်ငံတွင် ဂန္တဝင်တေးဂီတများ လာရောက်လေ့လာခဲ့ကြကြောင်း၊ အမေရိကန်နိုင်ငံမှကျောင်းအချို့သည်လည်း ကောင်းသောတေးဂီတအရင်းအမြစ်များကို တရုတ်နိုင်ငံသို့ဝင်ရောက်စေလိုပါကြောင်း၊ အမေရိကန်အစိုးရကျောင်းတွင် တေးဂီတစာသင်ချိန်များလျော့ချနေပြီး တရုတ်နိုင်ငံမှာ တေးဂီတသင်ကြားရေးကို အလေးထားနေသည်ကို တွေ့မြင်နိုင်ကြောင်း၊ အနာဂတ်တွင် ဂန္တဝင်တေးဂီတသီချင်းများကို အားပေးသူများ ပိုမိုများပြားလာနိုင်ကာ ခန်းမများတွင် ဂန္တဝင်တေးဂီတများ နားသောတဆင်နိုင်ပြီး တရုတ်-အမေရိကန်နှစ်နိုင်ငံအကြား တေးဂီတနှီးနှောဖလှယ်ခြင်းများ ပိုမိုများလာနိုင်ပါစေကြောင်းဟူ၍ ပြောကြားခဲ့သည်။

သတင်းထောက် ကျန်းရွှေ



# ရှမ်ဂရီလာတွင် ငှက်များကြည့်ရှုခြင်း

ယခုရက်ပိုင်းတွင် “တီချင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးငှက်များ၏ ကောင်းကင်ဘုံ”ဟူသောခေါင်းစဉ်ဖြင့် ရှမ်ဂရီလာဒုတိယအကြိမ် ဆောင်းရာသီငှက်ကြည့်ပွဲတော်ကို ယူနန်ပြည်နယ်တီချင့်ရှမ်ဂရီလာမြို့တွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် အဖွဲ့(၁၇)ဖွဲ့ ပါဝင်ခဲ့သည်။ ငှက်ကြည့်ပွဲတော်သည် ရှမ်ဂရီလာနာ့ဖဟိုင်အပြည်ပြည်ဆိုင်ရာ အရေးကြီးသောစိုစွတ်ဒေသနှင့် စုံးကျန့်လင်ရှိရှုခင်းသာဒေသတွင် ကျင်းပခဲ့သည်။ ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ ယူနန်ရှမ်ဂရီလား၏ သဘာဝသံယံဇာတများကို ပြသရန်နှင့် ငှက်များနှင့်အတူ နေထိုင်ကျက်စားနိုင်သော ခရီးသွားအားသာချက်များနှင့် တန်ဖိုးများကိုမြှင့်တင်ရန်ဖြစ်သည်။ ယခုလက်ရှိအခြေအနေတွင် ရှမ်ဂရီလာတွင် ငှက်မျိုးပေါင်း(၃၀၀)မျိုးအထက်ရှိနေကြောင်း တရုတ်ငှက်လေ့လာရေးစင်တာ၏ မှတ်တမ်းမှတဆင့် သိရှိရသည်။ တွက်ချက်လေ့လာခြင်းအရ(၂၀၁၆)ခုနှစ်တွင် ရှမ်ဂရီလာနာ့ဖဟိုင်စိုစွတ်ဒေသတွင် ဆောင်းရာသီလာရောက်ဆောင်းခိုသော ငှက်အမျိုးအစားမှာ (၅၀)မျိုးမှ (၆၀)မျိုးအထိရှိခဲ့ပြီး အရေအတွက်မှာ (၂၀၀၀၀)ကျော်ရှိသည်။ ထိုအတွင်းမှ နိုင်ငံတော်ပထမအဆင့်အလေးထားကာကွယ်စောင့်ရှောက်သောတိရစ္ဆာန်ဖြစ်သည့် လည်ပင်းမည်းကြိုးကြာငှက်မှာ (၃၁၆)ကောင်ရှိကြောင်း သိရှိရပါသည်။